# ပုဂံခေတ်မြန်မာစကားရှိ ကြိယာနှင့် ကြိယာပုဒ်များ
# (ဘာသာဗေဒလေ့လာချက်)

ပါရဂူ (**Ph. D**) ဘွဲ့အတွက် တင်သွင်းသောကျမ်း


မအေးအေးမော်

မြန်မာစာဌာန
ရန်ကုန်တက္ကသိုလ်



၂၀၀၅ ခုနှစ်၊ ဒီဇင်ဘာလ

# ကျမ်းအကျဉ်းချုပ်

ဘာသာဗေဒပညာရှင်တို့အလိုအရ လေ့လာသည်ဖြစ်စေ၊ သဒ္ဒါဆရာတို့အလိုအရ လေ့လာသည်ဖြစ်စေ၊ နာမ်နှင့်ကြိယာဟူသော သဒ္ဒါစကားလုံး အမျိုးအစားနှစ်ခုတို့သည် မြန်မာဘာသာတွင် အဓိက အရေးပါကြောင်းတွေ့ရပါသည်။ အဘယ့်ကြောင့်ဆိုသော် မြန်မာဘာသာစကားတွင် အခြားဝါစင်္ဂတို့ မပါဘဲ ဝါကျတည်ဆောက်၍ ရနိုင်သော်လည်း နာမ်နှင့်ကြိယာမပါဘဲ ဝါကျတည်ဆောက်၍ မရနိုင်ပေ။ ဝါကျဆိုသည်မှာ အဓိပ္ပါယ်နှင့်ပြည့်စုံအောင် စီစဉ်ထားသော စကားစုဖြစ်သည်။ ကတ္တားနှင့် ကြိယာပါမှ စကားစုတစ်ခုသည် အဓိပ္ပါယ်ပြည့်စုံ၏။ သို့ရာတွင် မြန်မာဘာသာတွင် တစ်ခါတစ်ရံ၌ ကတ္တားကို မြှုပ်ထားတတ်၏။ သို့သော် မြန်မာဘာသာတွင် အများအားဖြင့် ကြိယာမပါသော ဝါကျဟူ၍ မတွေ့ရပေ။ ကြိယာသည် ဝါကျ၏ အချုပ်အခြာလည်း ဖြစ်သည်။ ကြိယာသည် ပြုခြင်းကိုဖြစ်စေ၊ ဖြစ်ခြင်းကိုဖြစ်စေ၊ ရှိခြင်းကိုဖြစ်စေ ဖော်ပြသောပုဒ်ဖြစ်သောကြောင့် ကြိယာသည် သက်ရှိ တစ်စုံ တစ်ယောက်၊ သက်မဲ့တစ်စုံတစ်ရာတို့၏ အကြောင်းကိုဖော်ပြသောပုဒ်ဖြစ်သည်။ ထို့ကြောင့် ဤကျမ်း အတွက်ရွေးချယ်ထားသောကျောက်စာ (၄၃၃)ချပ်ကို လေ့လာခြင်းဖြင့် ပုဂံခေတ် မြန်မာဘာသာ စကား၏ "ကြိယာပုဒ်"သဘောကို ယေဘုယျအားဖြင့် ခြုံငုံ၍ သိနိုင်မည်ဟု ယူဆ၍ တင်ပြထားခြင်း ဖြစ်ပါသည်။